၁။ မိမိမိတ်ဆွေ၏ ပစ္စည်းကို ခိုးယူပြီးကာမှ "ငါမှားလေစွ" ဟု နောင်တရမှုသည် မည်သည့် စေတသိက် ဖြစ်ပါသနည်း၊ ၎င်းစေတသိက်သည် မည်သည့်စိတ်နှင့် ယှဉ်တွဲဖြစ်ပါသနည်း။

ဖြေ။ ။ ကုက္ကုစ္စစေတသိက်ဖြစ်ပါသည်။

- ယင်းစေတသိက်သည် ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်နှင့်သသင်္ခါရိကစိတ်တို့နှင့် အတူယှဉ်တွဲဖြစ်ပါသည်။

၂။ စာကျက်နေစဉ် ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း၊ တွေဝေ ထိုင်းမှိုင်းခြင်းတို့သည် အဘယ်စေ တသိက်တို့၏ သဘောလက္ခဏာများ ဖြစ်ပါ သနည်း၊ ယင်းစေတသိက်တို့သည် အဘယ်စိတ်များနှင့် ယှဉ်တွဲ ဖြစ်ပါသနည်း။

ဖြေ။ ။ ထိနနှင့်မိဒ္ဓစေတသိက်တို့၏ သဘောလက္ခဏာများပင်ဖြစ်ပါသည်။

ယင်းစေတသိက်တို့သည် လောဘမူ သသင်္ခါရိကစိတ် ၄ ပါးနှင့် ဒေါသမူ သသင်္ခါရိကစိတ် ၁ ပါး ပေါင်း ၅ ပါးတို့နှင့် ယှဉ်တွဲဖြစ်ပါသည်။

၃။ အမှုကိစ္စ၌ ကြံစည်၊ သုံးသပ်၊ ဆုံးဖြတ်၍ နှစ်သက်လိုလားစွာ အားထုတ်မှုသည် အဘယ်စေတသိက် များ၏ သဘောလက္ခဏာများ ဖြစ်ကြပါသနည်း၊ မှန်ကန်အောင် ဖြေဆိုခဲ့ပါ။

ဖြေ။ ။ အမှုကိစ္စ၌ ကြံစည်ခြင်းသည် ဝိတက်စေတသိက်၊ သုံးသပ်ခြင်းသည် ဝိစာရ စေတသိက်၊ ဆုံးဖြတ်ခြင်းသည် အဓိမောက္ခစေတသိက်၊ နှစ်သက်လိုလားမှုသည် ဆန္ဒစေတသိက်နှင့်အားထုတ်မှုသည် ဝီရိယစေတသိက်၏ လက္ခဏာများ အသီးသီး ဖြစ်ကြပါသည်။

၄။ "ရမ္မက်စံအိမ်" ဟူသောစကားဝယ် "ရမ္မက်" ဟူသော လောကဝေါဟာရ၏ ပရမတ္ထသဘာဝကို ညွှန်ပြ၍၊ ယင်းပရမတ္ထသဘာဝနှင့်အတူတကွဖြစ်သော စိတ်ကိုလည်း ဖော်ပြပါ။

ဖြေ။ ။ **"ရမ္မက်"** ဟူသော လောကဝေါဟာရသည် အာရုံ၌ ငြိသောအားဖြင့်တပ်သော လောဘစေတသိက်ဖြစ်သည်။ ယင်းစေတသိက်နှင့် အတူတကွ လောဘမူစိတ် ၈-ပါး တို့ ယှဉ်တွဲဖြစ်ပေါ်ကြသည်။

၅။ အဝတ်ဘေးဆိုက်ရောက်လျက်ရှိသော ဆိုမားလီးယား ပြည်သူများအား သနားကြင်နာမှုဖြစ်နေခြင်းသည် အဘယ်စေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါသနည်း၊ တိကျမှန်ကန်စွာ ဖော်ပြ၍၊ ယင်းစေတ သိက်နှင့်ဆန့်ကျင်ဘက် စေတသိက်ကိုလည်း ညွှန်ပြပါ။

ဖြေ။ ။ ကရုဏာစေတသိက်ဖြစ်ပါသည်။ ယင်းစေတသိက်နှင့် ဆန့်ကျင်ဘက် စေတသိက်မှာ ဒေါသ ဖြစ်ပါသည်။

၆။ "အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်" ဟူသော စကားရပ်၌ ကံ၊ ဉာဏ်ဟု ခေါ်ဆိုရသော စေတသိက် အမည်များကို ဖော်ပြ၍၊ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သော စိတ်တို့ကိုလည်း ထုတ်ဆောင်ပြခဲ့ပါ။

ဖြေ။ ။ ကံဆိုသည်မှာ စေတနာစေတသိက်ဖြစ်ပြီး၊ ဉာဏ်ကား ပညိန္ဒြေစေတသိက် ဖြစ်၍၊ စေတနာနှင့်စိတ်အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါးနှင့်ယှဉ်နိုင်ပြီး၊ ဉာဏ်နှင့်ကား ကာမာဝစရဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါး ပေါင်း ၄၇-ပါး၌ အတူတကွ ယှဉ်ပါသည်။

၇။ လမ်းဘေးတွင် မရှိနွမ်းပါး တောင်းစားနေကြသော သူဆင်းရဲများအား တွေ့မြင်၍ သနားစိတ် ဖြစ်ပေါ်လာသောသူ၏ သန္တာန်၌ဖြစ်သောစေတသိက်ကိုဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူတကွ ယှဉ်ခွင့် ရှိသော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ။ ။ ကရုဏာစေတသိက်ဖြစ်ပါသည်။ ယင်းစေတသိက်သည်

မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ မဟဂ္ဂုတ်-ပထမဈာန်စိတ် ၃-ပါး၊ မဟဂ္ဂုတ်-ဒုတိယဈာန်စိတ် ၃-ပါး၊ မဟဂ္ဂုတ်-တတိယဈာန်စိတ် ၃-ပါး၊ မဟဂ္ဂုတ်-စတုတ္ထဈာန်စိတ် ၃-ပါး ပေါင်း ၂၈ ပါးအနက် တစ်ပါးပါး ယှဉ်တွဲ ဖြစ်ပါသည်။

၈။ လူတို့နေ့စဉ် ပြောဆိုကြရာတွင် ပါဝင်သော စေတနာ၊ ဝီရိယ၊ သဒ္ဓါ၊ ဣဿာ၊ မစ္ဆရိယ ဟူသော စကား လုံး ငါးလုံး၏ ဆိုလိုရင်း အဓိပ္ပါယ်ကို မြန်မာလို ဖော်ပြပါ။

ဖြေ။ ။ - **စေတနာ** - အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းသဘော၊

- **ဝီရိယ** - ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်ခြင်းသဘော၊
- **သဒ္ဓါ** - ဘုရားစသော အာရုံ၌ ယုံကြည်ခြင်းသဘော၊

- **ဣဿာ** - သူတစ်ပါး စည်းစိမ်ကို ငြူစူခြင်းသဘော၊
- **မစ္ဆရိယ** - မိမိစည်းစိမ်ကို လျှို့ဝှက်ဝန်တိုခြင်းသဘော၊

၉။ အောက်ပါစေတသိက်များကို ဖော်ပြခဲ့ပါ။

(က) စိတ်ဖြစ်တိုင်း အမြဲပါဝင်သော စေတသိက်။

(ခ) အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲပါဝင်သော စေတသိက်။

(ဂ) ကုသိုလ်စိတ်ဖြစ်တိုင်း အမြဲပါဝင်သော စေတသိက်။

(ဃ) အာရုံကို နှစ်သက်ခြင်းသဘောရှိသော စေတသိက်။

(င) မှားသောအားဖြင့် နှလုံးသွင်းခြင်း သဘောရှိသော စေတသိက်။

ဖြေ။ ။ (က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး။ (ခ) မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဟူသော မောစတုက် ၄-ပါး။ (ဂ) သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး။ (ဃ) ပီတိ (င) ဒိဋ္ဌိ